【出典：厚生労働省　　翻訳：（公財）アジア福祉教育財団】

# ကိုလိုနာဗိုင်းရပ်စ်ကူးစက်ရောဂါကြောင့်အလုပ်ပိတ်ခြင်းအလုပ်လက်မဲ့နှင့်အလုပ်ရပ်နားခံရခြင်းများကြောင့်လူနေမှုအသုံးစရိတ်(နေထိုင်စားသောက်မှုအတွက်အသုံးပြုသောငွေကြေး)အတွက်အခက်အခဲရှိသူများသို့

## ယာယီငွေချေးပေးခြင်း (အချိန်ကာလတစ်ခုအတွင်းလိုအပ်သောငွေကြေးများအားချေးယူနိုင်ကြောင်း) အသိပေးခြင်း

သက်ဆိုင်ရာတိုင်းနှင့်ပြည်နယ်မြို့နယ်များရှိလူမှုဖူလုံရေးကောင်စီ(မိမိတို့၏စားဝတ်နေထိုင်မှုအတွက်အထောက်အကူအကြံဉာဏ်ပေးသောအဖွဲ့အစည်း)မှနေထိုင်စားသောက်မှုစရိတ်အခက်အခဲရှိသူများအားငွေထုတ်ချေးပေးပါမည်။ဝင်ငွေ(လခ)နည်းပါးသောအိမ်ထောင်စု(တစ်အိမ်တည်းအတူနေထိုင်ပြီးအသက်မွေးဝမ်းကြောင်းပြုသူအပါအဝင်)မှငွေချေးနိုင်ပါသည်။ယခုအချိန်ခါတွင်ကိုလိုနာဗိုင်းရပ်စ်ပိုးကြောင့်လူအများအခက်အခဲနှင့်

ကြုံတွေ့နေရပါသည်။အလုပ်ပိတ်ခြင်း၊အလုပ်ရပ်ဆိုင်းခံရခြင်းများကြောင့်လူနေမှုအသုံးစရိတ်(နေထိုင်စားသောက်မှုအတွက်အသုံးပြုသောငွေ)မလုံလောက်သောသူများအတွက်အထူးချေးငွေ(အထူးအနေဖြင့်ငွေချေးခြင်း)အားဆောင်ရွက်ပေးပါမည်။အသေးစိတ်အကြောင်းအရာအား၌စာမျက်နှာ၏အနောက်ဘက်(နောက်စာမျက်နှာ) တစ်ခုတွင်ကြည့်ပါ။

**အသေးစိတ်အကြောင်းအရာများအားသိလိုပါကဖုန်းဆက်၍မေးမြန်းစုံစမ်းနိုင်ပါသည်။**

### ချေးငွေရယူလိုသည့်အခါ၌ပြုလုပ်ရမည့်အချက်များနှင့်ချေးငွေရယူမည့်သူသည်အောက်ပါအချက်(၁)မှစတင်ဆောင်ရွက်ပါ။

၁. မိမိနေထိုင်သည့်မြို့နယ်ရပ်ကွက်များတွင်ရှိသောလူမှုဖူလုံရေးကောင်စီသို့လျှောက်လွှာတင်ရပါမည်။(လူမှုဖူလုံရေးအကြံပေးကောင်စီဌာနသို့ဆွေးနွေးတိုင်ပင်မှုပြုလုပ်လျှင်မည်ကဲ့သို့လျှောက်လွှာပုံစံတင်သွင်းရမည်ကိုညွှန်ကြားမှုပြုလုပ်ပေးပါလိမ့်မည်။)

၂. မိမိနေထိုင်သည့်မြို့နယ်ရပ်ကွက်များတွင်ရှိသောလူမှုဖူလုံရေးကောင်စီအဖွဲ့မှတိုင်းနှင့်ပြည်နယ်အဆင့်ရှိလူမှုဖူလုံရေးအကြံပေးကောင်စီဌာနသို့လျှောက်လွှာ၊ဖောင်အားတင်သွင်းလျှောက်ထားပေးပါမည်။

၃. ငွေချေးမှုအားအတည်ပြုဆုံးဖြတ်ချက်ချပြီးလျှင်ငွေချေးသူထံသို့ငွေလွှဲပေးမှုအားပြုလုပ်ပေးပါမည်။

**မေးမြန်းစုံစမ်းခြင်း**(အသေးစိတ်အကြောင်းအရာအားသိလိုပါကဆွေးနွေးမေးမြန်းတိုင်ပင်ပါ။)

**မိမိ၏နေထိုင်ရာမြို့နယ်ရပ်ကွက်ရှိလူမှုဖူလုံရေးကူညီအကြံပေးကောင်စီဌာန**

## အဓိကအားဖြင့်အလုပ်ပိတ်၍နားရသောသူများ(အရေးပေါ်ငွေအနည်းငယ်ချေးပေးခြင်း(ချက်ခြင်းငွေထုတ်ချေးပေးမည်) )

အနီရောင်စာလုံးမှာကိုလိုနာရောဂါကြောင့်အခြေအနေအားအရေးပေါ်အစီအစဉ်ပြောင်းလဲခြင်း

**နေထိုင်စားသောက်မှုအတွက်ငွေကြေးအခက်အခဲရှိပြီးလိုအပ်သောသူများအတွက်အချိန်ကာလတစ်ခုအတောအတွင်းငွေအနည်းငယ်ချေးပေးပါမည်။**

■ **အကျုံးဝင်သူ(ငွေချေးနိုင်သည့်သူ)**

ကိုလိုနာကူးစက်ရောဂါကြောင့်အလုပ်ပိတ်ခြင်းအလုပ်ရပ်နားခံရခြင်းကြောင့်ဝင်ငွေနည်းပါးသွားပြီးအချိန်ကာလတစ်ခုအတွင်းနေထိုင်စားသောက်မှုအတွက်အခက်အခဲရှိသောအိမ်ထောင်စုများအတွက်

※ ငွေချေးနိုင်သည့်သူအရေအတွက်များပြားလာပါသည်။

※ ကိုလိုနာကူးစက်ရောဂါကြောင့်ဝင်ငွေလျော့နည်းသွားပြီးအလုပ်လုပ်နေသော်ငြားလည်းငွေချေးမှုပြုလုပ်နိုင်သည်။

■ **ငွေချေးနိုင်သည့်ပမာဏ(ဘယ်လောက်အထိချေးလို့ရပါသလဲ)**

ကျောင်းများပိတ်ထားသဖြင့်အလုပ်မတက်နိုင်ခြင်း၊ ကိုယ်ပိုင်လုပ်ငန်းရှင်(မိမိ၏ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်နေသူ)များအတွက်ယန်းသောင်း ၂၀ အထိ

・အထက်ပါအခြေအနေမှလွဲလျှင်ယန်း၁၀သောင်းအထိ

**※ အထူးအခြေအနေအကြောင်းအရာရှိခဲ့လျှင်ယန်း ၂၀ သောင်းအထိ ချေးနိုင်ပါသည်။**

■ ရွှေ့ဆိုင်းခြင်းကာလ(ပြန်မဆပ်သေးလည်းရသေးသည့်အချိန်)

၁နှစ်အထိ (ငွေစချေးသည့်အချိန်ကာလမှ၁နှစ်တာအထိပြန်မဆပ်သေးလည်းရသည်)

※ ၂လအထိဟုသတ်မှတ်ခဲ့သော်လည်း ၁နှစ်အထိပြောင်းလဲသတ်မှတ်ခဲ့သည်။

■ သတ်မှတ်ကာလ

(မဖြစ်မနေပြန်ဆပ်ရမည့်အချိန်ကာလ)

၂နှစ်အထိ (၂နှစ်အတွင်းပြန်ဆပ်ရမည်)

※「၁၂ လအထိ」သတ်မှတ်ခဲ့သော်လည်း「၂နှစ်အထိပြောင်းလဲသတ်မှတ်လိုက်သည်။

■ ချေးငွေအတိုး(ချေးငွေအပေါ်မူတည်ပြီးပေးရမည့်အတိုး)။အာမခံပေးသည့်လူ(ငွေချေးသည့်အခါ၌သင့်အားအာမခံပေးသည့်သူ)

အတိုးမှာသုည( ၀ )ယန်းဖြစ်သည်။အာမခံပေးမည့်လူမလိုပါ။

■ **လျှောက်လွှာတင်ရမည့်နေရာ**

မိမိ၏နေထိုင်ရာမြို့နယ်ရပ်ကွက်ရှိလူမှုဖူလုံရေးအကြံပေးကောင်စီဌာန

## အဓိကအားဖြင့်အလုပ်လက်မဲ့ဖြစ်သွားသောသူများအတွက်(နေထိုင်စားသောက်မှုအတွက်ထောက်ပံ့ကြေးငွေ)

နေထိုင်စားသောက်မှုအတွက်အဓိကလိုအပ်သောငွေကြေးအားအဆင်ပြေနိုင်သောအခြေအနေအထိချေးပေးမည်။

■ အကျုံးဝင်သူ (ငွေချေးနိုင်သောသူ)

ကိုလိုနာကူးစက်ရောဂါကြောင့်ဝင်ငွေလျော့နည်းသွားပြီးဝင်ငွေလျော့နည်းသွားခြင်း၊အလုပ်လက်ဖြစ်သွားခြင်းကြောင့်စားဝတ်နေထိုင်မှုအတွက်အခက်အခဲရှိသောအိမ်ထောင်စုများအတွက်

※ ငွေချေးနိုင်သည့်သူအရေအတွက်များပြားလာပါသည်။

※ ကိုလိုနာကူးစက်ရောဂါကြောင့်ဝင်ငွေလျော့နည်းသွားပြီးအလုပ်လုပ်နေသော်ငြားလည်းငွေချေးမှုပြုလုပ်နိုင်သည်။

■ငွေချေးနိုင်သည့်ပမာဏ(ဘယ်လောက်အထိချေးလို့ရပါသလဲ)

.အိမ်ထောင်စုဝင်လူ၂ဦးနှင့်အထက်တလလျှင်ယန်းသောင်း၂၀အထိ

・အိမ်ထောင်စုဝင် ၁ ဦးတလလျှင်ယန်း ၁၅ သောင်းအထိ

ချေးယူနိုင်သည့်အချိန်ကာလ(ချေးထားနိုင်သည့်အချိန်ကာလ)

ပုံမှန်အားဖြင့် ၃လတာအထိသာ

**ရွှေ့ဆိုင်းခြင်းကာလ(ပြန်မဆပ်သေးလည်းရသေးသည့်အချိန်)**

၁နှစ်အထိ(ငွေစချေးသည့်အချိန်ကာလမှ၁နှစ်အတွင်းပြန်မဆပ်သေးလည်းရသေးသည်)

※ ၆လအထိသတ်မှတ်ခဲ့သော်လည်း၁နှစ်အထိပြောင်းလဲသတ်မှတ်လိုက်သည်။

■ သတ်မှတ်ကာလ(မဖြစ်မနေပြန်ဆပ်ရမည့်အချိန်ကာလ)

၁၀နှစ်အထိ (၁၀ နှစ်အတွင်းပြန်ဆပ်ရမည်)

■ ချေးငွေအတိုး(ချေးငွေအပေါ်မူတည်ပြီးပေးရမည့်အတိုး)။အာမခံပေးမည့်သူ(ငွေချေးသည့်အခါ၌သင့်အားအာမခံပေးမည့်သူ)

အတိုးမှာသုည(၀ယန်း)ဖြစ်သည်။အာမခံပေးမည့်သူမလို

※ အာမခံပေးမည့်သူရှိခဲ့လျှင်အတိုးမပေးရသော်လည်းအာမခံပေးမည့်သူမရှိခဲ့လျှင်တနှစ်လျှင်အတိုး၁.၅ရာခိုင်နှုန်းရှိခဲ့သော်လည်းပြောင်းလဲသတ်မှတ်လိုက်သည်။

■**လျှောက်လွှာတင်ရမည့်နေရာ**

မိမိ၏နေထိုင်ရာမြို့နယ်ရပ်ကွက်ရှိလူမှုဖူလုံရေးအကြံပေးကောင်စီဌာန

**သတိပြုရန်** ငွေချေးခြင်းသာမကဘဲမိမိတို့၏စားဝတ်နေထိုင်မှုအဆင်ပြေချောမွေ့စေရန်အတွက်လိုအပ်သောအကူအညီထောက်ပံ့မှုအားရယူပါ။

နေထိုင်ခွင့်အခွန်၊အခွန်ကင်းလွတ်ခွင့်ပြုသည့်အိမ်ထောင်စု(ဝင်ငွေနည်းပါးသောကြောင့်နေထိုင်ခွင့်ခွန်အားမဆောင်လည်းရသည့်အိမ်ထောင်စု)များမှာဆိုင်းငံ့ကာလ(မဖြစ်မနေပြန်ဆပ်ရမည့်အချိန်ကာလ)အထိလစာဝင် ငွေနည်းပါးခဲ့သည်ရှိသော်ပြန်မဆပ်လည်းရသည်။